Helping our Helpers

ဤအဖွဲ့အစည်း၏ လူမှုအစီအစဉ်-

Parkway Laboratories



နိုင်ငံခြားသား အိမ်အကူများအတွက် အခမဲ့ သားအိမ်ခေါင်းကင်ဆာ စစ်ဆေးပေးမှုများ

*ဆေးစစ်မှုသည် အကန့်အသတ်ရှိပါသည်၊ ဦးရာလူစနစ်နှင့် လုပ်ဆောင်ပေးပါသည်*

# အိမ်အကူများအတွက် အမေးများသောမေးခွန်းများ

## Helping our Helpers အစီအစဉ်သည် မည်သည်နည်း။

Helping our Helpers အစီအစဉ်သည် စင်္ကာပူနိုင်ငံရှိ နိုင်ငံခြားသား အိမ်အကူများအတွက် သားအိမ်ခေါင်းကင်ဆာ စစ်ဆေးမှုကို အခမဲ့ ကမ်းလှမ်းပေးအပ်သော အစီအစဉ်တစ်ခုဖြစ်သည်။

## ဤအစီအစဉ်တွင် ကျွန်ုပ်အဘယ်ကြောင့်ပါဝင်သင့်သနည်း။

သားအိမ်ခေါင်းကင်ဆာသည် ဆေးစစ်မှုနှင့် ကာကွယ်ဆေးထိုးမှုတို့ဖြင့် လုံးဝနီးနီး တားဆီးနိုင်သောရောဂါဖြစ်သည်။[1]
အလုပ်ရှုပ်သော အမျိုးသမီးများအနေဖြင့် သင်သည် မိမိ၏ကျန်းမာရေးကို လျစ်လျူရှုမိနိုင်ပါသည်။ သို့ရာတွင် သင့်ကိုယ်သင် ဂရုစိုက်ခြင်းနှင့် Helping our Helpers ကဲ့သို့သော အစီအစဉ်များတွင် ပါဝင်ခြင်းဖြင့် သင်သည် သင့်မိသားစုကို ဆက်လက်ဂရုစိုက်ပေးနိုင်ပါသည်။
သားအိမ်ခေါင်းကင်ဆာသည် ဖိလစ်ပိုင်နိုင်ငံတွင် တတိယအကြီးဆုံး အသက်ဆုံးရှုံးစေသော ကင်ဆာဖြစ်ပြီးအင်ဒိုနီးရှား၊ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့တွင် ဒုတိယအကြီးဆုံး အသက်ဆုံးရှုံးစေသော ကင်ဆာလည်းဖြစ်သည်။[2]

## သားအိမ်ခေါင်းကင်ဆာ စစ်ဆေးမှုဆိုသည်မှာ အဘယ်နည်း။

သားအိမ်ခေါင်းကင်ဆာ ဘေးအန္တရာယ်မှ သင့်ကိုယ်သင် ကာကွယ်ရန်အတွက် အကောင်းဆုံးနည်းများအနက်တစ်ခုမှာ ဆေးစစ်ခြင်းနှင့် စောစီးစွာ ရောဂါတွေ့ရှိခြင်းဖြစ်သည်။
ဆေးစစ်မှုအမျိုးအစားနှစ်မျိုးရှိပါသည်- သားအိမ်ခေါင်းအချွဲမှုန်ခြစ်စစ်ဆေးခြင်း (Pap test) နှင့် အန္တရာယ်များသော HPV ပိုးကို စစ်ဆေးမှုဖြစ်သည်။
သားအိမ်ခေါင်းအချွဲမှုန်ခြစ်စစ်ဆေးခြင်းသည် သားအိမ်ခေါင်း၏ ဆဲလ်အတွင်းတွင် ဖြစ်ပေါ်ခဲ့သော ပြောင်းလဲမှုများကို ရှာဖွေဖော်ထုတ်ပေးပါသည်။[3] သို့ရာတွင် အန္တရာယ်များသော HPV ပိုးကို စစ်ဆေးမှုသည် သားအိမ်ခေါင်းအချွဲမှုန်ခြစ်စစ်ဆေးခြင်းတွင် မူမမှန်မှုတစ်ခုခု မပေါ်လာမီ သင့်တွင် သားအိမ်ခေါင်းကင်ဆာဖြစ်နိုင်သည့်အန္တရာယ်ရှိမရှိကို ညွှန်ပြနိုင်သည်။[4] အန္တရာယ်များသော HPV ပိုးကို စစ်ဆေးမှုသည် သားအိမ်ခေါင်းကင်ဆာဖြစ်နိုင်ခြေအန္တရာယ်ကို ဆုံးဖြတ်ရာတွင် သားအိမ်ခေါင်းအချွဲမှုန်ခြစ်စစ်ဆေးမှုထက် ပို၍တိကျပါသည်။[5]
ဤအစီအစဉ်သည် အန္တရာယ်များသော HPV ပိုးကို စစ်ဆေးမှုကို အသုံးပြု၍ သားအိမ်ခေါင်းကင်ဆာ စစ်ဆေးမှုကို အခမဲ့ ပံ့ပိုးပေးပါသည်။

## HPV စစ်ဆေးမှုကို မည်ကဲ့သို့လုပ်ဆောင်သနည်း။

HPV ပိုးစစ်ဆေးမှုသည် သားအိမ်ခေါင်းအချွဲမှုန်ခြစ်စစ်ဆေးခြင်းနှင့်တူညီသော နည်းလမ်းအတိုင်း လုပ်ဆောင်သော ရိုးရှင်းသည့် စစ်ဆေးမှုတစ်ခုဖြစ်သည်။

## စစ်ဆေးမှုသည် နာကျင်ပါသလား။

HPV ပိုးစစ်ဆေးမှုသည် မိနစ်အနည်းငယ်သာ ကြာပါသည်။ ၎င်းသည် မနာကျင်သင့်ပါ၊ သို့ရာတွင် သင့်ဆရာဝန် သို့မဟုတ် သူနာပြုသည် သင့်ကိုယ်ထဲတွင် စပက်ကျူလမ်ကို ဖွင့်သောအခါ မသက်မသာဖြစ်မှု သို့မဟုတ် ဖိအားအချို့ကို ခံစားရနိုင်ပါသည်။

## ကျွန်ုပ် ဆေးစစ်မှုခံယူခဲ့ကြောင်းကို တစ်ယောက်ယောက်က သိရှိမည်လား။ ကျွန်ုပ်၏အလုပ်ရှင် သို့မဟုတ် MOM ကို အသိပေးရမည်လား။

ရလဒ်များကို ပုဂ္ဂိုလ်ရေးလုံခြုံမှုရှိစွာနှင့် လျှို့ဝှက်စွာ ထားရှိပေးပါမည်။

## HPV ပိုးမရှိကြောင်း ဆေးစစ်ချက်ရလဒ်သည် မည်သည်ကို ဆိုလိုသနည်း။

HPV ပိုးမရှိကြောင်း ဆေးစစ်ချက်ရလဒ်သည် နောင် 5 နှစ်တွင် သားအိမ်ခေါင်းကင်ဆာဖြစ်နိုင်မှုအန္တရာယ်နည်းပါးကြောင်း ဆိုလိုပါသည်။[6] ဆေးစစ်မှုခံယူခြင်းနှင့် ရလဒ်ကို သိရှိခြင်းဖြင့် သင်သည် အစီအမံများ လုပ်ဆောင်နိုင်ပြီး သားအိမ်ခေါင်းကင်ဆာဖြစ်နိုင်မှုအန္တရာယ်ကို လျှော့ချနိုင်ပါသည်။

## HPV ပိုးရှိကြောင်း ဆေးစစ်ချက်ရလဒ်သည် မည်သည်ကို ဆိုလိုသနည်း။

HPV ပိုးရှိကြောင်း အဖြေထွက်ခြင်းသည် သင့်တွင် သားအိမ်ခေါင်းကင်ဆာ ရာနှုန်းပြည့်ရှိကြောင်း ဆိုလိုခြင်းမဟုတ်သည်ကို နားလည်ရန် အရေးကြီးပါသည်၊ သို့ရာတွင် ၎င်းသည် သင့်တွင် ထိုရောဂါဖြစ်လာနိုင်သည့်အန္တရာယ် မြင့်မားစွာရှိကြောင်း ဆိုလိုပါသည်။[6] သင့်ဆရာဝန်သည် နောက်ဘာဆက်လုပ်ရမည်အပေါ် အကြံပြုပေးပါလိမ့်မည်။

## ကျွန်ုပ်တွင် ပိုးရှိကြောင်း အဖြေထွက်ပါက အလုပ်ဆက်လုပ်နိုင်မည်လား။

သင်အလုပ်ဆက်လုပ်နိုင်မည်ဖြစ်သည်။ သင့်ဆေးစစ်ချက်ရလဒ်များအပေါ် မူတည်၍ နောက်ဆက်လုပ်ရမည့်အရာများ နှင့်/သို့မဟုတ် နောက်ဆက်တွဲလုပ်ဆောင်မှုများအကြောင်း သင့်ကို အကြံပြုမည်ဖြစ်သည်။

## ကုသမှုတစ်ခုခုအတွက် ကျွန်ုပ်ငွေပေးချေရမည်လား။

သင့်ရက်ချိန်းနှင့် HPV ပိုး စစ်ဆေးမှုတစ်ခုကို အသုံးပြုသော သားအိမ်ခေါင်းကင်ဆာ စစ်ဆေးမှုသည် အခမဲ့ဖြစ်ပါသည်။
သို့ရာတွင် နောက်ထပ်ကုသမှု လိုအပ်လာသည်ရှိသော် သင့်အာမခံအကာအကွယ်ကို စစ်ဆေးရန် အရေးကြီးပါသည်။

## HPV ပိုး စစ်ဆေးမှုအတွက် ပြင်ဆင်ရန် ကျွန်ုပ်မည်သည်တို့ကို လုပ်ဆောင်ရမည်နည်း။

စစ်ဆေးမှုသည် တတ်နိုင်သမျှ တိကျကြောင်း သေချာစေရန် အောက်ပါပြင်ဆင်မှုများ လုပ်ဆောင်နိုင်သည်။

- ပိုးစစ်ဆေးမှုမတိုင်မီ နှစ်ရက်အတွင်း လိင်ဆက်ဆံခြင်း၊ မအင်္ဂါအတွင်းအား ဆေးကြောခြင်း သို့မဟုတ် မအင်္ဂါဆေးများ သို့မဟုတ် သုတ်ပိုးသတ်ဆေး၊ ခရင်မ် သို့မဟုတ် ဂျယ်လီများ အသုံးပြုခြင်းကို ရှောင်ကြဉ်ပါ။
- ရာသီသွေးဆင်းပြီးနောက် သင့်ရက်ချိန်းကို သတ်မှတ်ပါ။

## ကျွန်ုပ်သည် ဆေးစစ်ချက်ရလဒ်များကို မည်သည့်အချိန်တွင် ရရှိမည်နည်း။

သင်သည် ဆေးစစ်ချက်ရလဒ်များကို 2 ပတ်မှ 3 ပတ်အတွင်း ရရှိပါမည်။

## ဆေးစစ်မှုခံယူရန် မည်သည့်အချိန်တွင် မည်သည့်နေရာသို့ ကျွန်ုပ်သွားနိုင်သနည်း။

သင်သည် အောက်ပါခြောက်နေရာအနက် မည်သည့်နေရာမဆို သွားနိုင်ပါသည်-
Bethesda Medical @ Ang Mo Kio, Beach Rd, Macpherson, Margaret, Toa Payoh or Yishun.
**ကြာသပတေးနေ့တိုင်း နံနက် 10 နာရီမှ နေ့လယ် 12 နာရီထိ။**

**Helping our Helpers အစီအစဉ်တွင် ပါဝင်ပါ်ပြီးယနေ့ ရက်ချိန်းရယူလိုက်ပါ။**

**ရက်ချိန်းရယူရာတွင် "Helping our Helpers Programme" ကို ကျေးဇူးပြု၍ ကိုးကားဖော်ပြပါ။**

## Bethesda Medical @ Ang Mo Kio

Blk 709 Ang Mo Kio Ave 8 #01-2583 Lot A, S560709

**ဖုန်း- 6428 6084**

## Bethesda Medical @ Beach Rd

152 Beach Rd, #03-08 Gateway East, S189721

**ဖုန်း- 6299 5398**

## Bethesda Medical @ Macpherson

Grantral Mall, #01-03/04, 601 Macpherson Road, S368242

**ဖုန်း- 6904 6678**

## Bethesda Medical @ Margaret

38 Margaret Drive #02-03, S141038

**ဖုန်း- 6322 3886**

## Bethesda Medical @ Toa Payoh

Blk 500 Toa Payoh Lorong 6, #04-33, Toa Payoh Hub, S310500

**ဖုန်း- 6253 5600**

## Bethesda Medical @ Yishun

Blk 293 Yishun St 22 #01-223, S760293

**ဖုန်း- 6428 6081**

**ဆေးစစ်မှုသည် အကန့်အသတ်ရှိပါသည်၊ ဦးရာလူစနစ်နှင့် လုပ်ဆောင်ပေးပါသည်**

နောက်ထပ်အချက်အလက်များအတွက် ကျေးဇူးပြု၍ ဤသို့ဝင်ရောက်ကြည့်ရှုပါ

go.roche.com/hoh2024

အကိုးအကား- 1. ရောဂါထိန်းချုပ်ရေးနှင့် တားဆီးရေး စင်တာများ။ သားအိမ်ခေါင်းကင်ဆာကို မဖြစ်အောင် တားဆီးနိုင်ပါသည်။ ဤတွင် ဖတ်ရှုနိုင်သည်- https://www.cdc.gov/vitalsigns/cervical-cancer/[last accessed Apr, 2024] 2. ကမ္ဘာ့ကျန်းမာရေးအဖွဲ့။ https://gco.iarc.fr/today/en/fact-sheets-populations#countries မှ 2024 ခုနှစ် ဧပြီလ 17 ရက်နေ့တွင် ရယူခဲ့သော လူဦးရေဆိုင်ရာ အချက်အလက်များ 3. Medline Plus. https://medlineplus.gov/lab-tests/pap-smear/ မှ 2024 ခုနှစ် ဧပြီလ 18 ရက်နေ့တွင် ရယူခဲ့သော သားအိမ်ခေါင်းအချွဲမှုခြစ်စစ်ဆေးခြင်း (Pap Smear) 4. အမေရိကန် ကင်ဆာ အဖွဲ့အစည်း။ https://www.cancer.org/cancer/risk-prevention/hpv/hpv-and-hpv-testing.html မှ 2024 ခုနှစ် ဧပြီလ 18 ရက်နေ့တွင် ရယူခဲ့သော HPV နှင့် HPV စစ်ဆေးမှု 5. Leyden WA, Manos MM, Geiger AM, et al. အလုံးစုံပါဝင်သော ကျန်းမာရေးပြုစုစောင့်ရှောက်မှုကို ရယူနိုင်သော အမျိုးသမီးများရှိ သားအိမ်ခေါင်းကင်ဆာ- ဆေးစစ်မှုလုပ်ငန်းစဉ်ရှိ ရောဂါဖြစ်စေသောအချက်များ။ J Natl Cancer Inst. 2005;97:675-683. 9. Andrae B, Kemetli L, Sparén P, et al. ဆေးစစ်မှုဖြင့် တားဆီးနိုင်သော သားအိမ်ခေါင်းကင်ဆာ အန္တရာယ်များ- ဆွီဒင် နိုင်ငံတစ်ဝှမ်း စစ်ဆေးမှုမှ အထောက်အထား။ J Natl Cancer Inst. 2008; 100(9):622-629. 6. သစြတြေးလျ ကင်ဆာကောင်စီ။ ကျွန်ုပ်၏ ဆေးစစ်ချက်ရလဒ်သည် ဘာကို ဆိုလိုပါသနည်း။ https://www.cancer.org.au/cervicalscreening/i-am-over-25/what-does-my-test-result-mean မှ 2024 ခုနှစ် ဧပြီလ 18 ရက်နေ့တွင် ရယူခဲ့သည်

*ဤအဖွဲ့အစည်းများဖြင့် လက်တွဲထားသည်-*

Bethesda MEDICAL

KK Women's and Children's Hospital SingHealth

The Society for Colposcopy and Cervical Pathology of Singapore

IGCS INTERNATIONAL GYNECOLOGIC CANCER SOCIETY

Roche

REF: MC-SG-00331, JUN/2024